# G ပင်စင်

G ပင်စင် ထိပ်သို့

အများနှင့်သက်ဆိုင်သောပင်စင်သည် အသက်ကြီး၊ မသန်စွမ်း၊ မိသားစု ပင်စင်လစာများခံစားထုတ်ယူနိုင်သော လူမှုဖူလုံရေးအာမခံစနစ်တစ်ခုဖြစ်ပါသည်။

အများနှင့်သက်ဆိုင်သောပင်စင်၌ ပင်စင်စနစ်၏အခြေခံအနေဖြင့် စနစ်ဝင်များအားလုံးအကျုံးဝင်သော သက်ကြီး၊ မသန်စွမ်း၊ မိသားစုပင်စင် အခြေခံပင်စင်လစာကို ထုတ်ပေးသော ပြည်သူ့ပင်စင်နှင့် ကုမ္ပဏီ ဝန်ထမ်းများစသည့်ဝန်ထမ်းများက စနစ်ဝင်ပြီး ပြည်သူ့ပင်စင်ကို ဖြည့်စွက်ကာ စနစ်ဝင်၏ဝင်ငွေပေါ်မူတည်၍ အချိုးအစားကျ ခံစားခွင့်ရနိုင်သော ဝန်ထမ်းပင်စင်ဟု ၂မျိုး ရှိသည်။

## 1 ပြည်သူ့ပင်စင်

### 1-1 ပြည်သူ့ပင်စင်စနစ်ဝင်ခြင်း

**(1) အသက်နှင့် အခြားသတ်မှတ်ချက်များ**

ဂျပန်တွင်နေထိုင်နေသော အသက် (၂၀)မှ အသက် (၆၀) မပြည့်သေးသူများအားလုံးသည် နိုင်ငံခြားသားအပါအဝင် ပြည်သူ့ပင်စင် စနစ်သို့ ဝင်ရမည်။

**(2) စနစ်သို့ဝင်ရောက်ရန်လုပ်ဆောင်ပုံ**

အလုပ်ဌာနတွင် ဝန်ထမ်းပင်စင်စနစ်ဝင်ထားပါက တစ်ပြိုင်နက်တွင် ပြည်သူ့ပင်စင် စနစ်ဝင်ဖြစ်မည် (အမျိုးအစား-၂ အာမခံထားသူ)။ ဝန်ထမ်းပင်စင်ဝင်မည့် လုပ်ငန်းဆောင်တာများကို ဝန်ထမ်းပင်စင်အာမခံသို့ ဝင်ချိန်တွင် အလုပ်လုပ်နေသည့် ဌာနမှ လုပ်ဆောင်ရမည်ဖြစ်ပြီး မိမိကိုယ်တိုင် တိုက်ရိုက် လုပ်ဆောင်ရန်မလိုအပ်ပါ။

ဝန်ထမ်းပင်စင်စနစ်ဝင်ဖြစ်သွားသည့်အခါ အလိုလို ပြည်သူ့ပင်စင်စနစ်ဝင်ဖြစ်သွားသောကြောင့် မိမိကိုယ်တိုင် စနစ်ဝင်စရာ မလိုပါ။ ဝန်ထမ်းပင်စင်စနစ် မဝင်ရသေးပါက နေထိုင်ရာ မြို့နယ်ရုံး၏ ပင်စင်ကောင်တာ၌ လျှောက်လွှာတင်ရပါမည်။

**(3) ပင်စင်စုဆောင်းငွေပေးဆောင်ခြင်း**

ဝင်ငွေနှင့်သက်ဆိုင်မှုမရှိဘဲ တစ်လပုံသေ ၁၆၄၉၀ ယန်း (၂၀၁၇ဘဏ္ဍာရေးနှစ်) ဖြစ်သည်။ ဂျပန်ပင်စင်ဆားဗစ်မှ စနစ်ဝင်ပေးဆောင်ငွေငွေသွင်းလွှာများကို နှစ်တိုင်း ဧပြီလတွင် ပေးပို့လာပါမည်။

ဤငွေသွင်းလွှာကို ကိုင်ဆောင်ကာ စာတိုက်(သို့) ဘဏ်ကောင်တာ၊ ကွန်ဗီနီစတိုးဆိုင် စသည့်၌ ပေးဆောင်နိုင်ပါသည်။ ဘဏ်ငွေလွှဲဖြင့်လည်း ပေးဆောင်နိုင်ပါသည်။

ဝင်ငွေနည်းပါးခြင်း စသည်ဖြင့် ပင်စင်စုဆောင်းငွေကို ပေးဆောင်ရန် အခက်အခဲရှိသည့်အခါ ထိုအကြောင်း လျှောက်ထားခြင်းဖြင့် ပင်စင်စုဆောင်းငွေ အားလုံး သို့မဟုတ် အချို့အဝက်ကိုပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရနိုင်ပါသည်။

ကင်းလွတ်ခွင့် စသည်များမှာ မူအားဖြင့် နှစ်စဉ် လျှောက်ထားရန် လိုအပ်သည်။ ထို့ပြင် စားဝတ်နေရေး အထောက်အပံ့မှ စားဝတ်နေရေးထောက်ပံ့ငွေ ရယူနေလျှင် (သို့) အဆင့် ၂ အထက် မသန်စွမ်းမှုပင်စင်ကို လက်ခံနေသည့်အခါ

## G ပင်စင်

G ပင်စင် ထိပ်သို့

ပြည်သူ့ပင်စင်စုဆောင်းငွေ ကင်းလွတ်ခွင့်ပေးသည် (ဥပဒေအရ ကင်းလွတ်ခွင့်) ဆိုသော်လည်း ၊ နိုင်ငံခြားသားက စားဝတ်နေရေးထောက်ပံ့ငွေ ရယူနေသည့်အခါ လျှောက်လွှာတင်၍ ကင်းလွတ်ခွင့်တောင်းခြင်း လုပ်ဆောင်ရန်လိုအပ်သည့် အတွက် သတိပြုစေလိုပါသည်။

ကျောင်းသူကျောင်းသားများသည် ပင်စင်စုဆောင်းငွေ ပေးဆောင်ခြင်းကို ရွှေ့ဆိုင်းပေးနိုင်သည့် "ကျောင်းသူ ကျောင်းသား ကင်းလွတ်ခွင့်စနစ်"ကို အသုံးပြုနိုင်သည်။ ကျောင်းသူကျောင်းသားကင်းလွတ်ခွင့်စနစ် အကျိုးဝင်သည့်ကျောင်းကို ပင်စင်ဆားဗစ်၏ အင်တာနက်စာမျက်နှာတွင် ကြည့်ရှုစစ်ဆေးနိုင်ပါသည်။

https://www.nenkin.go.jp/service/kokunen/menjo/gakutokutaisyouko.html

အသေးစိတ်ကို ပင်စင်ရုံး သို့မဟုတ် ပင်စင်ဆိုင်ရာကောင်တာတွင် မေးမြန်းစုံစမ်းပါ။

ထို့အပြင် ဝန်ထမ်းပင်စင်ဝင်ထားသူ (အမှတ် ၂ အမျိုးအစား အာမခံထားသူ)အား မှီခိုနေသူ အိမ်ထောင်ဘက် (အမှတ် ၃ အမျိုးအစား အာမခံထားသူ) သည် စုဆောင်းငွေပေးရန်မလိုပါ။

### •ကင်းလွတ်ခွင့်ခံစားနိုင်သော ခန့်မှန်းဝင်ငွေ

| ကင်းလွတ်ခွင့်အမျိုးအစား | ကင်းလွတ်ခွင့်ခံစားနိုင်သော ခန့်မှန်းဝင်ငွေ | | | အချို့ပေးဆောင်ငွေ (လစဉ်ကြေး) | ပင်စင်လစာ တွက်ချက်ခြင်း |
|---|---|---|---|---|---|
| | လူဦးရေ(၁)ဦးထဲသာရှိသောအိမ်ထောင် | ※လူဦးရေ ၂ ဦးရှိသောအိမ်ထောင် | ※လူဦးရေ ၄ ဦးရှိသောအိမ်ထောင် | | |
| ကင်းလွတ်ခွင့်အပြည့် | ယန်း 570,000 (ယန်း 1,220,000) | ယန်း 920,000 (ယန်း 1,570,000) | ယန်း 1,620,000 (ယန်း 2,570,000) | – | (၂)ပုံ(၁)ပုံ |
| လူငယ်ကင်းလွတ်ခွင့် | | | | – | – |
| (၄)ပုံ(၃)ပုံကင်းလွတ်ခွင့် | ယန်း 930,000 (ယန်း 1,580,000) | ယန်း 1,420,000 (ယန်း 2,290,000) | ယန်း 2,300,000 (ယန်း 3,540,000) | ယန်း 3,760 | (၈)ပုံ(၅)ပုံ |
| တစ်ဝက်ကင်းလွတ်ခွင့် | ယန်း 1,410,000 (ယန်း 2,270,000) | ယန်း 1,950,000 (ယန်း 3,040,000) | ယန်း 2,820,000 (ယန်း 4,200,000) | ယန်း 7,510 | (၈)ပုံ(၆)ပုံ |
| ကျောင်းသားကင်းလွတ်ခွင့် | | | | – | – |
| (၄)ပုံ(၁)ပုံကင်းလွတ်ခွင့် | ယန်း 1,890,000 (ယန်း 2,960,000) | ယန်း 2,470,000 (ယန်း 3,760,000) | ယန်း 3,350,000 (ယန်း 4,860,000) | ယန်း 11,270 | (၈)ပုံ(၇)ပုံ |

※ လူဦးရေ၂ ဦးရှိသောအိမ်ထောင်သည် လင်မယား၊ လူဦးရေ ၄ ဦးရှိသောအိမ်ထောင်သည် လင်မယားနှင့် ကလေး ၂ ယောက်(အသက် ၁၆ နှစ်ထက်ငယ်) ဖြင့် တွက်ချက်သည့်အခါ၏ ခန့်မှန်းချက်ဖြစ်ပါသည်။